# သာမန်ကာလ (၂၁)ကြိမ်မြောက် သောကြာနေ့

ရှင်မာတေဦး ၂၅း၁-၁၃

ကျနော်တို့ လူသားတွေဟာ ဘုရားသခင်ဆီက လာတယ်။ ဒီလောကမှာ ဘုရားသခင်ရဲ့တရားတော်အတိုင်း ချစ်ခြင်းမေတ္တာနဲ့ နေထိုင်ပြီး သေတဲ့အခါ ဘုရားသခင်ဆီကို ပြန်သွားမယ်၊ ဘုရားနဲ့အတူ ထာဝရအသက်ရှင်ကြလိမ့်မယ်။ ဒီမျှော်လင့်ချက်နဲ့ အသက်ရှင်နေရင်းနဲ့ ယေဇူးဘုရားရှင် ဒုတိယအကြိမ် ကြွလာမှာကို အဆင်သင့် စောင့်မျှော်နေရပါမယ်။

ဒါကြောင့် ယနေ့ဖတ်ရတဲ့ ရှင်မာတေဦး အခန်းကြီး ၂၅ မှာ အပျိုကညာ (၁၀)ဦးဟာ မင်္ဂလာဆောင်ပွဲကို ခန်းခန်းနားနား စီတန်းဝင်ဖို့အတွက် သတို့သားအလာကို စောင့်မျှော်နေတဲ့အကြောင်း ပုံဥပမာကို ကြားရပါတယ်။ အပျိုကညာ (၁၀)ဦးထဲက (၅)ဦးဟာ အရေးတယူ ပြင်ပြင်ဆင်ဆင်မရှိကြပဲ ဆီမီးခွက်သာ ယူခဲ့ကြပြီး ဆီကို ဗူးနဲ့အပို မယူခဲ့ကြပါဘူး။ သူတို့ မထင်မှတ်ထားတဲ့အချိန် သတိုးသား ရောက်လာတဲ့အခါမှာတော့ သူတို့ရဲ့ဆီမီးခွက်က မီးငြိမ်းတော့မှာပါ။ ဒီအခါ တခြားအပျိုကညာတွေဆီမှာ ဆီကို ချေးကြပေမဲ့ သူတို့အားလုံးအတွက် မလုံလောက်မှာစိုးလို့ အပြင်မှာ ဆီသွားဝယ်နေကြတုံး အဆင်သင့်ရှိနေတဲ့ အပျိုကညာတွေနဲ့အတူ မင်္ဂလာဆောင်ပွဲကို ကြွဝင်ကြပြီး တံခါးကို ပိတ်ထားလိုက်ပါတယ်။ နောက်ကျမှ ရောက်လာတဲ့အပျိုကညာတွေကို တံခါးဝကနေ ဘယ်လိုပြောလွှတ်လိုက်သလဲဆိုတော့ "သင်တို့ကို ငါမသိဘူး" တဲ့ ။

လူတိုင်းဟာ ကိုယ့်ဝိညာဉ်ရေးအတွက် ကိုယ့်မှာ တာဝန်ရှိပါတယ်။ အဲ့ဒီလို ကိုယ့်ဝိညာဉ်ရေးအတွက် ပြင်ဆင်ရာမှာ နေ့ချင်းညချင်း မဖြစ်နိုင်ပါဘူး။ အစကတည်းက ဘုရားတရား စိတ်မဝင်စားတဲ့လူက

သေခါနီးကျမှ ဘုရားကို ယုံကြည်အားကိုးတော့မယ်ဆိုတာ ချက်ချင်းစိတ်မပါနိုင်ပါဘူး။ တစ်သက်လုံးက စိတ်မဝင်စားခဲ့တဲ့ဘုရားကို အဲဒီလို အချိန်တိုလေးအတွင်းမှာ ပြည့်စုံတဲ့နေရာတ ရနိုင်မယ် မထင်ပါဘူး။ ကိုယ်နဲ့ ဘုရားနဲ့ ဆက်ဆံရေး ၊ ကိုယ်နဲ့ ဘုရားနဲ့အချစ်ဟာ ချက်ချင်း ဝယ်လို့ရတဲ့အရာ မဟုတ်ဘူး။ သူတစ်ပါးဆီက ချေးငှါးလို့ ရနိုင်တဲ့ဟာ မဟုတ်ဘူး။ ဘုရားကို ချစ်တဲ့အချစ်ဟာ သင့်မူပိုင် ဖြစ်ရမယ်။ သင့်ဟာ ဖြစ်ရမယ်။

သင့်ကို နှစ်ပေါင်း တစ်ထောင်မက ထာဝရအသက်ပေးမည့်ဘုရားကို သေတဲ့အခါ တွေ့ဆုံဖို့ သင့်ဘက်က အရေးတယူ မပြင်ဆင်သင့်ဘူးလား။ သင့်ကယ်တင်ခြင်းအတွက် ကားတိုင်ပေါ်မှာ အသေခံတဲ့အထိ သင့်ကိုချစ်နေတဲ့ ယေရှုဘုရားရှင်နဲ့ တွေ့ဆုံဖို့ သင် မပျော်သင့်ဘူးလား။ ထာဝရအသက်နဲ့ ကောင်းကင်ဘုံမှာ ဘုရားနဲ့အတူ အစဉ်ရှိနေတော့မှာမို့ သင် စိတ်မလှုပ်ရှားဘူးလား။ တွေးရင်းတွေးရင်း မကြည်နူးဘူးလား။

သင့်ကို ထာဝရအသက်ပေးမည့် ယေရှုဘုရားရှင်ကို ဆုတောင်းခြင်းအားဖြင့် သိကျွမ်းနေပါ။ သူ့ရဲ့ ကျမ်းစာတွေ ဖတ်နေခြင်းဖြင့် သူ့အကြောင်း၊ သူ့အချစ်တွေနဲ့ ရင်းနှီးကျွမ်းဝင်နေပါ ။ သင့်ဘဝမှာ ဘုရားနဲ့ စိမ်းနေရင် တော်ကြာ သူက သင့်ကို “သင်တို့ကို ငါမသိ” လို့ ပြောလွှတ်နေအုံးမယ်။ ချစ်စရာကောင်းတဲ့ဘုရားကို ပြန်ချစ်ကြပါ။

နားဆင်သူအားလုံးအပေါ် ဘုရားသခင်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။